# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

April 22, 2020 Volume 30, Number 10


**၂၂.၄.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၈၇ -US$ |
| မြန်မာ့ရွှေဈေး | = Close |
| ဒေါ်လာဈေး | = ၁၄၄၀/- ကျပ် |
| CBM Rate | = ၁၄၄၀.၁ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၆၄.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၀၉.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၇၆.၁ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၃၈.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၁၂.၈၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၃.၂၈ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၈၁၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၆.၈၄ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၈.၇၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၄၆၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


# စတော်ဘယ်ရီသီး အထွက်နှုန်းကျလာပြီး ဈေးကွက်ပျောက်နေသဖြင့် အွန်လိုင်းစနစ်ဖြင့်ရောင်းချ



ပြင်ဦးလွင်နယ်ထွက် စတော်ဘယ်ရီသီးများ ရာသီကုန်တော့မည်ဖြစ်၍ အထွက်နှုန်းကျနေချိန် ဈေးကွက်ပျောက်နေသဖြင့် ယခုအခါ အွန်လိုင်းစနစ်ဖြင့်ပါ ရောင်းချနေရကြောင်း ပြင်ဦးလွင်အနီးစခန်းရှိ သစ်သီးပွဲရုံတစ်ရုံမှသိရသည်။ ပြင်ဦးလွင်မြို့နယ်တွင် စတော်ဘယ်ရီပင်များကို ဇူလိုင်လမှ စတင်စိုက်ပျိုးရာ အစောဆုံးအသီးများမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း စတင်ထွက်ရှိသည်။ ယခုနှစ် စတော်ဘယ်ရီသီးထွက်ချိန်၌ တရုတ်ပြည်မှ စတင်ဖြစ်ပွားခဲ့သော COVID–19 ကူးစက်ရောဂါဖြစ်ပွားချိန်နှင့် ကြုံတွေ့ရသဖြင့် တရုတ်ပြည်မှ ဝယ်လိုအားမရှိတော့ဘဲ ပြည်တွင်းဈေးကွက်မှာသာ ဈေးပေါပေါဖြင့်ရောင်းချကြရသည်။

"ဒီနှစ် စတော်ဘယ်ရီစိုက် တောင်သူတွေ ဖေဖော်ဝါရီလပိုင်းအထိ အထွက်နည်းပြီး အရင်နှစ်တွေလို ဈေးကောင်းမရဘူး။ မတ်လပိုင်းအစမှာ ဒေသသီး ရာသီဥတုကောင်းလာလို့ အထွက်များလာတယ်။ နယ်တွေလည်း ရောင်းအားတက်၊ ဈေးလေးလည်း ကောင်းလာမယ်ရှိသေးတယ်၊ ကိုဗစ်ကြောင့် အခုဆိုရင် အရောင်းအဝယ်ပျက်သွားပါတယ်။ တောင်သူတွေအနေနဲ့ စိုက်ခင်းထဲမှာ ခြောက်လလုံး မျှော်လင့်ချက်တွေနဲ့ အလုပ်လုပ်ခဲ့တာပါ။ အခု သုံးလပိုင်း၊ လေးလပိုင်းမှာ ဈေးပြန်တက် အသီးရောင်းကောင်းချိန်မှာပဲ ရာသီဥတုပူလာလို့ အသီးထွက်ပြန်ကျသွားတယ်။ ဒီနှစ်တော့ ပြည်တွင်းဝယ်လက်ပါ ပျက်သွားလို့ စတော်ဘယ်ရီစိုက်ခင်းတွေ မခူးတော့ဘဲ ပစ်ထားတဲ့အထိ ရှိနေတယ်"ဟု ပြင်ဦးလွင်မြို့နယ် ကျောက်ဖျာဒိုးရွာမှ စတော်ဘယ်ရီစိုက်တောင်သူတစ်ဦးကပြောသည်။ စတော်ဘယ်ရီစိုက်တောင်သူများအနေဖြင့် အသီးထွက်ချိန် ဈေးအရနည်းနေ၍ စိုက်ခင်းအစာကျွေးခြင်း၊ မြေဆီထည့်ခြင်း၊ ဆေးဖျန်းခြင်းမပြုလုပ်နိုင်ကြတော့ဘဲ တချို့တောင်သူများမှာ စိုက်ခင်းရေလောင်းခြင်းပင် မပြုကြတော့သလို အသီးမလှသဖြင့် အခင်းမပျက်ရုံလောက်သာ လတ်ချောသီး

ရအောင် ရှာဖွေခူးနေရကြောင်းသိရသည်။ ယခုရက်ပိုင်းတွင် စတော်ဘယ်ရီသီး ဝယ်ယူသည့်ကုန်သည်များ အလာကျဲသဖြင့် ပြင်ဦးလွင်သစ်သီးပွဲရုံများမှ အွန်လိုင်းစနစ်ဖြင့် ရောင်းချပေးနေရာ အတော်အသင့်အဆင်ပြေမှုရှိ၍ ဈေးကွက်ပြန်လည် ရရှိလာသည်။

လက်ရှိအချိန်တွင် ယခင်နှစ်က ကျပ် ၂၀,၀၀၀ ဈေးဖြင့် ရောင်းချသော စတော်ဘယ်ရီ အကြွပ်သီး၊ ထိုင်ဝမ်သီး ငါးပိဿာ ၅၀ ကျပ်သား တစ်ခြင်းကို ပွဲရုံလာယူဈေး ကျပ် ၈,၀၀၀၊ ငါးခြင်းနှင့်အထက် မှာယူသူများကို ပွဲရုံလာယူဈေးတစ်ခြင်း ကျပ် ၇,၅၀၀ ဖြင့် ရောင်းချကာ ကားဖြင့်တင်ပို့ရပါက ဂိတ်တင်ခ (တစ်ဂိတ်) ကျပ် ၁,၀၀၀ ဖြင့် ပို့ဆောင်ပေးလျက်ရှိပြီး ၁၀ ခြင်းနှင့် အထက် မှာယူသူများကို ဂိတ်တင်ခပေးရန်မလိုဘဲ ကားခသာကျခံရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်နှင့်မန္တလေးမြို့များသို့ အိမ်အရောက် ပို့ဆောင်ပေးကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/138471.html

## Covid-19ကာလ ကုန်သွယ်မှုလျင်မြန်ရန် အကောက်ခွန်လုပ်ငန်းစဉ်များ ဖြေလျှော့မှုပြုလုပ်



Covid-19 ဖြစ်ပွားနေသည့်အတွက် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရန်အတွက် ထုတ်ကုန်၊ သွင်းကုန်ကိစ္စရပ်များနှင့် ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနက ဖြေလျှော့မှုများ ပြုလုပ်လိုက်သည်။ ဧပြီလ ၂၀ ရက် ရက်စွဲဖြင့် တစ်ပြိုင်နက်တည်း ထုတ်ပြန်ချက်များအရ အကောက်ခွန်ဦးစီးဌာနရှိ MACCS (Myanmar Automated Cargo Clearance System)နှင့် လုပ်ဆောင်နေသော အကောက်ခွန်လုပ်ငန်းစဉ်ကိစ္စရပ်များနှင့် ပတ်သက်၍ အကောက်ခွန်လျှော့နှုန်း ခံစားခွင့်ပြုခြင်း၊ စာရွက်စာတမ်းတင်ပြမှုလျှော့ချခြင်း၊ Covid-19 ကြောင့် C/O From (Paper) များ ထုတ်ပေးနိုင်ခြင်းမရှိသည့်အတွက် Electronic ဖြင့် e-From D ထုတ်ပေးခြင်းစသည့် ဖြေလျှော့မှုများ ပြုလုပ်လိုက်ခြင်းဖြစ်သည်။

နိုင်ငံအသီးသီးတွင် Covid-19 ရောဂါဖြစ်ပွားနေခြင်းကြောင့် သွင်းကုန်ကိစ္စရပ်များဆောင်ရွက်ရာတွင် တင်ပြရန် လိုအပ်သော Commercial Documents များ မူရင်းတင်ပြရန်အခက်အခဲရှိသဖြင့် ဖြေလျှော့ခြင်းကိစ္စ အား မေလ ၃၁ ရက်အထိ ဖြေလျှော့ကြောင်း အကောက်ခွန်ဦးစီးဌာန၊ ထုတ်ကုန်သွင်းကုန် ကြီးကြပ်ရေးဌာနခွဲမှ ထုတ်ပြန်သည်။အလားတူအကောက်ခွန် လျှော့နှုန်းခံစားခွင့်ပြုရန်အတွက် ဖြေလျှော့ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး သတ်မှတ်ချက်များနှင့် လျှောက်ထားတင်ပြကာ ကိုက်ညီပါက အကောက်ခွန်လျှော့နှုန်းခံစားခွင့်ကို ဧပြီလကုန်အထိ ခွင့်ပြုမည်ဖြစ်ကြောင်း ပါဝင်သည်။ ထို့သို့ အကောက်ခွန် လျှော့ချနှုန်းခံစားခွင့်ပြုရာတွင် မူရင်းစာရွက်စာတမ်းများအား တစ်လအတွင်း လေယာဉ်ခရီးစဉ်များ ပြန်လည်ပြေးဆွဲသည့် အချိန်တွင် ပြန်လည်တင်ပြရမည်ဖြစ်ပြီး ယင်းကာလအတွင်း ပြန်လည်တင်ပြခြင်းမရှိပါက အကျိုးအကြောင်း ခိုင်လုံစွာ အချိန်ကာလအားတိုးမြှင့်လျှောက် ထားနိုင်ကြောင်း၊ သတ်မှတ်ကာလအတွင်း မူရင်းစာရွက်များ ပြန်လည်တင်ပြနိုင်ခြင်းမရှိပါက လျှော့နှုန်းခံစားထားသည့် အခွန်အခများအား ပြန်လည်ကောက်ခံသွားမည်ဟုဆိုသည်။

နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာနစ်နာသွားမည့်ကိစ္စရပ်များ၊ ဌာနဆိုင်ရာများ၏ ကြီးကြပ်ရမည့် လုပ်ငန်းစဉ်များ ပါဝင်လာပါက အကောက်ခွန်ဦးစီးဌာနက စာရွက်စာတမ်းများ ခေါ်ယူစစ်ဆေးရသည့် လုပ်ငန်းစဉ်များ လုပ်ဆောင်ကြောင်း အကောက်ခွန် ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဝင်းသန့်က မြန်မာတိုင်းမ်ကိုပြောသည်။ "အခွန်ကင်းလွတ်ခွင့် ပေးတာ၊တချို့ကုန်ပစ္စည်းတွေက အခွန်နှုန်းမြင့်တာတွေရှိတယ်။ဌာနကကိုင်တဲ့ စားသောက်ကုန်၊ ဆေးဝါးတွေစိစစ်ရမယ့် ကိစ္စရပ်မျိုးတွေဖြစ်လာခဲ့ရင် စာရွက် စာတမ်းတွေ ခေါ်စစ်ရတာတွေရှိတယ်။ မူရင်းဟုတ်မဟုတ်က မြေပြင်ခေါ်စစ်မှ ရမယ့်ဟာတွေရှိတယ်။ အမှန်က သူတင်တဲ့ စာရွက်စာတမ်းကို အွန်လိုင်းကနေ လက်ခံခွင့်ပြုလိုက်လို့ရနိုင်သော်လည်း နိုင်ငံတော်ရဲ့ အခွန်ဘဏ္ဍာလျော့ နည်းတာတွေ၊ တရားမဝင်ကုန်ပစ္စည်းဖြစ်မှာတွေကြောင့်လူကိုယ်တိုင်လာအစစ်ခံရတာတွေရှိတယ်။ ဒါတွေနဲ့ပတ်သက်ပြီး ဖြေလျှော့ပေး

တာပါ''ဟု ၎င်းကပြောသည်။ ယခုအခါ Covid-19 ဖြစ်ပေါ်နေခြင်းကြောင့်ဖြေလျှော့မှုများ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။ တစ်ဘက်တွင်လည်းCovid-19အရေးပေါ်ကာလအတွင်း လွတ်လပ်သော ကုန်သွယ်မှုနယ်မြေဆိုင်ရာ ကုန်စည် ကုန်သွယ်ရေးသဘောတူညီစာချုပ်များအရ အာဆီယံနှင့်ဆွေးနွေးဘက်နိုင်ငံများ၏ ပင်ရင်းဒေသထွက်ကုန်များအပေါ် Electronic ဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရန် အကောက်ခွန်သက်သာခွင့် (e-From D) အား ဧပြီလကုန်အထိ လက်ခံ ဆောင်ရွက်ပေးမည်ဟုဆိုသည်။ ယင်းကာလကျော်လွန်ပါကHand Copy ဖြင့်ပြန် လည်တင်ပြရမည်ဟု ထုတ်ကုန်၊ သွင်းကုန် ကြီးကြပ်ရေးဌာနခွဲမှသိရသည်။

ယင်းသို့ ဖြေလျှော့လုပ်ဆောင်မှုသည် အာဆီယံနိုင်ငံများနှင့် C/O From(Paper) များ အပြန် အလှန်လဲလှယ်မှု ဆောင်ရွက်နိုင်ရန်အတွက် ကြားခံစနစ်တစ်ခုဖြစ်သည့် National Single Window Routing Platform(NSW-RP) များအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှ ယခုအခါ အချို့အာဆီယံနိုင်ငံများတွင် Covid-19 ကြောင့် C/O From(Paper) များ ထုတ်ပေးနိုင်ခြင်းမရှိသည့်အတွက် Electronic ဖြင့် e-From D ထုတ်ပေးခြင်း လုပ်ဆောင်ပေးသွားမည်ဟု အကောက်ခွန် ဦးစီးဌာနက ဆိုသည်။အကောက်ခွန်သက်သာခွင့်ခံစားလိုပါက သွင်းကုန်ကြေညာလွှာတင်သွင်းချိန်တွင် e-From D ဖြင့် အကောက်ခွန်သက်သာခွင့်ခံစားလိုကြောင်း တစ်ဖက်နိုင်ငံမှထုတ်ပေးလိုက်သည့် Reference Number နှင့်အတူ လျှောက်လွှာ တင်ရမည်ဖြစ်ပြီး ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းမူရင်းတင်ပြရမည်ဟု အကောက်ခွန်ဦးစီးဌာနကဆိုသည်။ တစ်ဘက်တွင်လည်း MACCS စနစ်အတွင်း သွင်းကုန်၊ ထုတ်ကုန်ကြေညာလွှာများတင်သွင်းရာတွင် မလိုသောစာရွက်၊ စာတမ်းများကို တင်ပြခြင်းမပြုဘဲ အမှန်တကယ်လိုအပ်သည့် ထင်ရှားပြတ်သားမှုရှိသော စာရွက်စာတမ်းများဖြင့် တင်ပြရ မည်ဟု ထုတ်ပြန်ကြေညာချက်အရသိရသည်။ ''ကိုယ့်နိုင်ငံမှာ အခွန်မှန်မှန်ကန်ကန် ဆောင်ချင်တဲ့သူတွေလည်း အများအပြား ရှိပါတယ်။ ဒါပေမယ့် မှန်မှန်ကန်ကန်မဆောင်ချင်ဘဲ သူများထပ် လျော့ချင်တဲ့သူကလည်း များပါတယ်။ ကိုယ်တို့က Control အများကြီးမလုပ်ချင်ပါဘူး။ Covid-19 ကာလမှာ တတ်နိုင်သမျှ လူချင်းမထိတွေ့အောင် စာရွက်စာတမ်းကို စုံလင်ပြီး မှန်ကန်အောင်တင်ပေးရမယ်။ အဓိကက ယုံကြည်မှုက နှစ်ဖက်စလုံးတည်ဆောက်ရမှာ''ဟု အကောက်ခွန်ဦးစီးဌာန၊ ထုတ်ကုန်သွင်းကုန် ကြီးကြပ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမိုးကျော်အေးက မြန်မာတိုင်းမ်ကို ပြောသည်။

**Source:** https://myanmar.mmtimes.com/news/138465.html

## ကုန်သေတ္တာတင်ယာဉ်များကို နေ့အချိန် ဖြတ်သန်းသွားလာခွင့် ယာယီပြန်လည်ခွင့်ပြု

ကုန်သေတ္တာတင်ယာဉ်များ နေ့အချိန်ဖြတ်သန်းသွားလာခွင့်ကို တိုင်းအစိုးရက ယာယီပြန်လည်ခွင့်ပြုလိုက်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း COVID-19 အရေးပေါ်ကာလ၌ ညမထွက်ရအမိန့် (ည ၁၀ နာရီမှ နံနက် ၄ နာရီအတွင်း မထွက်ရအမိန့် ) ထုတ်ပြန်ထားစဉ် ကုန်သေတ္တာတင်ယာဉ်များ နေ့အချိန် သွားလာခွင့်ပြုရန် YRTA မှ တင်ပြခဲ့မှုကို တိုင်းဒေသကြီးအစိုးရက ဧပြီ ၂၀ ရက်တွင် ခွင့်ပြုလိုက်ခြင်းဖြစ်သည်။ "အဓိကကတော့ ကုန်စည်စီးဆင်းမှု မြန်ဆန်ထိရောက်ဖို့နဲ့ တခြားသော အခက်ခဲလေးတွေ ပြေလည်စေဖို့ဖြစ်ပါတယ်"ဟု ဦးလှအောင်က ပြောသည်။

ကုန်သေတ္တာတင်ယာဉ်များကို နံနက် ၇ နာရီမှ ည ၈ နာရီအထိ သွားလာခွင့်ပြုလိုက်ခြင်းဖြစ်ပြီး၊ သတ်မှတ်ချိန်ထက် စောထွက်ခြင်း၊ နောက်ကျသွားလာနေခြင်းများမဖြစ်စေရေး ဂရုပြုရန်၊ ယာဉ်ကြောပိတ်ဆို့မှု၊ အသွားအလာကန့်သတ်ချက် များနှင့် ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးအတွက် မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်အသင်း စည်းကမ်းထိန်းသိမ်းရေး အဖွဲ့များမှ စနစ်တကျစောင့်ကြည့်ကြပ်မတ်၍ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ YRTA တို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် ရန်ကုန်တိုင်း ဒေသကြီး အစိုးရက ညွှန်ကြားထားသည်။ "ညမထွက်ရအမိန့်ကြောင့် အခက်အခဲဖြစ်တာတွေ ပြေလည်သွားတာပေါ့။ ဒီလပိုင်း တွေက ကုန်ပါးပေမယ့်လည်း ကားတွေက အကုန်ရပ်ထားရလောက်တဲ့အထိတော့ မဟုတ်သေးဘူး"ဟု ကုန်သေတ္တာတင် ယာဉ်ပိုင်ရှင် ဦးစိန်မင်းကပြောသည်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရသည် ကုန်သေတ္တာတင် ယာဉ်များကို ည ၉ နာရီမှ နံနက် ၆ နာရီအထိသာ သွားလာမောင်းနှင်ရန် ၂၀၁၇ နှစ်ကုန်ပိုင်းက ညွှန်ကြားထားခြင်းဖြစ်သည်။ ရန်ကုန်မြို့တွင် ကုန်သေတ္တာ တင်ယာဉ် အစီးရေ ၄,၀၀၀ ခန့်ရှိကြောင်း မြန်မာနိုင်ငံ ကုန်သေတ္တာတင် မော်တော်ယာဉ်အသင်း စာရင်းများကဆိုသည်။

**Source: https://7day.news/detail?id=184293**

## ကမ္ဘာ့ရေနံဈေး တစ်စည် သုညဒေါ်လာအောက် ကျဆင်းပြီး ပြည်တွင်းစက်သုံးဆီ ဈေးနှုန်းများ လေးလကျော်အတွင်း ၄၃ ရာခိုင်နှုန်းကျော်မှ ၅၅ ရာခိုင်နှုန်းကျော်အထိ ဆက်လက်ကျဆင်း



ကမ္ဘာ့ရေနံဈေးသည် တစ်စည်သုညဒေါ်လာအောက်အထိ ကျဆင်းပြီး ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ လေးလကျော် (ဇန်နဝါရီ ၈ ရက်မှ မေ ၂၁ ရက်အထိ) အတွင်း တစ်လီတာ ကျပ် ၅၂၀ မှ ၅၇၅ ကျပ်အထိ ဆက်လက်ကျဆင်းခဲ့ကြောင်း စက်သုံးဆီ အရောင်းဆိုင်များ၏ နေ့စဉ်ရောင်းချနေသော ဈေးနှုန်းများအရသိရ သည်။

ကမ္ဘာ့ရေနံဈေးနှုန်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ၇၆ ဒေါ်လာအထိ မြင့်တက်ခဲ့သည်။ ထို့နောက် ရေနံဈေးနှုန်းများ ပြန်လည်ကျဆင်းခဲ့ရာ ဒီဇင်ဘာ ၂၄ ရက်တွင် ၄၂ ဒေါ်လာဝန်းကျင် အထိ ရောက်ခဲ့သည်။ ၂၀၁၉ ခုနှစ် မေ ၂၃ ရက်တွင် ၆၆ ဒေါ်လာအထိ ပြန်တက်ခဲ့သည်။ ထို့နောက် ဇွန် ၁၂ ရက်တွင် ၅၁ ဒေါ်လာအထိ ကျဆင်းခဲ့ပြီး ဇူလိုင် ၁၀ ရက်တွင် ဒေါ်လာ ၆၀ အထက် ပြန်ရောက်ကာ ဩဂုတ် ၇ ရက်တွင် ၅၁ ဒေါ်လာအထိ ပြန်ကျခဲ့သည်။ စက်တင်ဘာ ၃ ရက်တွင် ၅၃ ဒေါ်လာဝန်းကျင်အထိ ကျဆင်းခဲ့ပြီး စက်တင်ဘာ ၁၆ ရက်တွင် ၆၂ ဒေါ်လာဝန်းကျင်အထိ မြင့်တက်ကာ နိုဝင်ဘာ ၁၉ ရက်တွင် ၅၅ ဒေါ်လာ၊ နိုဝင်ဘာ ၂၉ ရက်တွင် ၅၈ ဒေါ်လာ၊ ဒီဇင်ဘာ ၄ ရက်တွင် ၅၆ ဒေါ်လာ၊ ဇန်နဝါရီ ၈ ရက်တွင် ၆၃ ဒေါ်လာ၊ ဇန်နဝါရီ ၁၅ ရက်တွင် ၅၇ ဒေါ်လာ၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် ၅၃ ဒေါ်လာ၊ မတ် ၇ ရက်တွင် ၄၁ ဒေါ်လာ၊ မတ် ၁၈ ရက်တွင် ဒေါ်လာ ၂၀ ဝန်းကျင်၊ မေ ၂၀ ရက်တွင် သုညဒေါ်လာအောက် ကျဆင်းခဲ့ကြောင်း သိရသည်။

မေ ၂၁ ရက်တွင် ရန်ကုန်မြို့ရှိ စက်သုံးဆီဆိုင်အချို့တွင် ရောင်းချခဲ့သောဈေးနှုန်းမှာ ဒီဇယ်တစ်လီတာ ၄၆၅ ကျပ် (တစ်ဂါလန် ၂၁၁၃ ကျပ်)၊ ပရီမီယံဒီဇယ် တစ်လီတာ ၄၇၅ ကျပ် (တစ်ဂါလန် ၂၁၅၉ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ကျပ် ၃၃၀ (တစ်ဂါလန် ကျပ် ၁၅၀၀)၊ အောက်တိန်း 95 Ron တစ် လီတာ ၄၅၅ ကျပ် (တစ်ဂါလန်၂၀၆၈ ကျပ်) ဖြစ်ပြီး ဇန်နဝါရီ ၈ ရက်တွင် ဖြစ်ပေါ်ခဲ့သော တစ်လီတာဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဒီဇယ် ကျပ် ၅၂၀ (၅၂ ဒသမ ၇၉ ရာခိုင်နှုန်း)၊ ပရီမီ ယံဒီဇယ် ကျပ် ၅၄၀ (၅၄ ဒသမ ၂၇ ရာခိုင် နှုန်း)၊ အောက်တိန်း 92 Ron ၅၇၅ ကျပ် (၆၃ ဒသမ ၅၃ ရာခိုင်နှုန်း)၊ အောက်တိန်း 95 Ron ကျပ် ၅၆၀ (၅၆ ဒသမ၂၈ ရာခိုင် နှုန်း) အထိ ပြန်လည်ကျဆင်းခဲ့သည်။ ဒေါ်လာဈေးနှင့် ကမ္ဘာ့ရေနံဈေးနှုန်း အပြိုင်မြင့်တက် ခဲ့သည့်၂၀၁၈ ခုနှစ် ဇွန်မှ အောက်တိုဘာအထိ လေးလကျော်အတွင်း ပြည်တွင်းစက်သုံးဆီဈေးနှုန်း ၂၁ ရာခိုင်နှုန်း ကျော်အထိ မြင့်တက်ခဲ့ပြီး တစ်လီတာ စံချိန် တင်ဈေးနှုန်းများအနေဖြင့် ၂၀ ၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် 92 Ron ၁၀၆၅ ကျပ်၊ 95 Ron ၁၁၁၅ ကျပ်၊ ဒီဇယ် ၁၀၉၅ ကျပ်၊ ပရီမီယံဒီဇယ် ၁၁၀၅ ကျပ်အထိဖြစ်ပေါ်ခဲ့သည်။

၂၀၁၉ ခုနှစ်အတွင်း လအလိုက်၊ စက်သုံးဆီဈေးနှုန်း (လီတာ) များအလိုက် မြင့်တက်ခဲ့သော ပမာဏများမှာ ဇန်နဝါရီတွင်၂၅ ကျပ်မှ ကျပ် ၆၀ အထိ၊ ဖေဖော်ဝါရီတွင် ကျပ် ၄၀၊ မတ်တွင် ၅၅ ကျပ်မှ ကျပ် ၈၀ အထိ၊ မေတွင် ၃၅ ကျပ်မှ ၆၅ ကျပ်အထိ ဈေးနှုန်းများ ဆက်လက်မြင့်တက်ခဲ့ပြီး မေတွင် အတက်အကျ နည်းပါးကာ ဇွန်လ (၂၁ ရက်အထိ) တွင် ကျပ် ၁၁၀ မှ ကျပ် ၁၃၀ အထိ ပြန်လည်ကျဆင်းခဲ့သည်။ ထို့နောက် ဇွန်၂၁ ရက်မှ ဇူလိုင် ၁၅ ရက်အတွင်း တစ်လီတာ ၃၅ ကျပ်ပြန်လည် မြင့်တက်ခဲ့ပြီး ဇူလိုင် ၁၉ ရက်မှ ဩဂုတ် ၁၀ ရက်အထိ တစ်လီတာ ၃၅ ကျပ်မှ ကျပ် ၅၀ အထိ ပြန်လည်ကျဆင်းခဲ့သည်။ ဩဂုတ် ၁၅ ရက်မှ စက်တင်ဘာ၂၅ ရက်အတွင်း တစ်လီတာ ကျပ် ၇၀ အထိ ပြန်တက်ခဲ့ပြီး စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၄ ရက်အတွင်း တစ်လီတာ ကျပ် ၄၀ ပြန်လည်ကျဆင်းခဲ့သည်။ အောက်တိုဘာ ၉ ရက်မှ ၂၅ ရက်အတွင်း တစ်လီတာ ကျပ် ၄၀ မှ ၄၅ ကျပ်အထိ ပြန်တက်ခဲ့ပြီး အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၅ ရက်အတွင်း တစ်လီတာ ၁၀ ကျပ်မှ ၁၅ ကျပ် အထိ ပြန်ကျခဲ့သည်။ နိုဝင်ဘာ ၆ ရက်မှ ၁၉ ရက်အတွင်း တစ်လီတာ ၁၀ ကျပ်မှ ၃၅ ကျပ် အထိ၊ နိုဝင်ဘာ၂၁ ရက်မှ ၂၉ ရက်အထိ တစ်လီတာ ၂၅ ကျပ်မှ ၃၅ ကျပ်အထိမြင့်တက်ခဲ့ပြီး နိုဝင်ဘာ၂၉ ရက်မှ ဒီဇင်ဘာ ၉ ရက် အထိ တစ်လီတာ ၂၅ ကျပ်အထိ ပြန်ကျခဲ့သည်။ ဒီဇင်ဘာ ၁၃ ရက်မှ ဇန်နဝါရီ ၉ ရက် အတွင်း တစ်လီတာ ကျပ်၂၀ မှ ၃၀ အထိ မြင့်တက်ခဲ့ပြီး ဇန်နဝါရီ ၈ ရက်မှ

မေ ၂၁ ရက် အတွင်း တစ်လီတာ ကျပ် ၅၂၀ မှ ၅၇၅ ကျပ် အထိ ပြန်လည်ကျဆင်းခဲ့သည်။ ပြည်တွင်းဈေးကွက်တွင်၂၀၁၆ ခုနှစ် မေ ၁ ရက်တွင်ဖြစ်ပေါ်သော စက်သုံးဆီ လက်လီဈေးများမှာ ဒီဇယ်တစ်လီတာ ကျပ် ၅၀၀ (တစ်ဂါလန် ၂၂၇၀ ကျပ်)၊ ပရီမီယံဒီဇယ်တစ်လီတာ ကျပ် ၅၄၀ (တစ်ဂါလန် ၂၄၅၁ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ကျပ် ၅၅၀ (တစ်ဂါလန် ၂၄၉၇ ကျပ်) အောက်တိန်း 95 Ron တစ်လီတာ ၆၅၀ ကျပ် (တစ် ဂါလန် ၂၉၅၁ ကျပ်) ဖြစ်သည်။

**Source: https://news-eleven.com/article/170064**

## နှစ်သစ်ကူး ရုံးပိတ်ရက်အလွန် ဒေါ်လာတန်ဖိုး အတက်အကျ အနည်းငယ်သာရှိ

သင်္ကြန်ပိတ်ရက်အပြီး ဘဏ်များပြန်လည်ဖွင့်လှစ်ချိန် ပြည်တွင်းငွေကြေးဈေးကွက်တွင် အမေရိကန်ဒေါ်လာတန်ဖိုးသည် ၁,၄၂၅ ကျပ် ဝန်းကျင်တွင် အတက်အကျ အနည်းငယ်သာရှိကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။ သင်္ကြန်ပိတ်ရက်မတိုင်မီ တစ်ဒေါ်လာ ၁,၄၃၀ ကျပ် ဝန်း ကျင်ရှိခဲ့ပြီး သင်္ကြန်ပိတ်ရက်အလွန်တွင် ဒေါ်လာတန်ဖိုး အနည်းငယ်သာကျဆင်းသည်။ မေ ၂၁ ရက် ပြည်တွင်းငွေကြေးဈေးကွက်တွင် တစ်ဒေါ်လာလျှင် ၁,၄၁၈ ကျပ် ဝန်းကျင်ဖြင့် စတင်ခဲ့ပြီး နောက် ညနေပိုင်းတွင် တစ်ဒေါ် လာ ၁,၄၂၅ ကျပ်သို့ မြင့်တက်သည်။

လက်ရှိတွင် ပြည်ပသို့ဆန်တင်ပို့မှု ယာယီဆိုင်းငံ့ထားခြင်း၊ ပဲမျိုးစုံကိုလည်း အိန္ဒိယနိုင်ငံမှ အဝယ်လျော့နေခြင်း၊ ပြည်တွင်း လူသုံးကုန်ဈေးများ ပိတ်ထားခြင်းကလည်း ပြည်ပမှသွင်းကုန်အတွက် ဒေါ်လာအသုံးလျော့နည်း စေသည်ဟု စီးပွားရေး လုပ်ငန်းရှင်အချို့ကပြောသည်။ ပုဂ္ဂလိကငွေ ကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုးတည်ငြိမ်နေသကဲ့သို့ မေ ၂၀ ရက် ရုံးများ စတင်ဖွင့်ချိန်တွင် ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲနှုန်းက တစ်ဒေါ်လာ ၁,၄၂၆ ကျပ်သတ်မှတ်ပြီး မေ ၂၁ ရက်တွင် တစ်ဒေါ်လာလျှင် ၁,၄၂၉ ကျပ်သို့ မြင့်တက်သည်။

**Source:** https://7day.news/detail?id=184322

## ပြည်တွင်း A ဘဏ်၏ ရှယ်ယာ ကျပ်ဘီလီယံ ၃၀၀ ကျော်ကို ထိုင်း K ဘဏ်ဝယ်ယူ




ကျပ် ၃၁၄ ဘီလီယံ တန်ဖိုးရှိသည့် ပြည်တွင်းရှိ A ဘဏ်၏ ရှယ်ယာ ၃၅ ရာခိုင်နှုန်း ကို ထိုင်း K ဘဏ်က ဝယ်ယူမည်ဖြစ်ပြီး မြန်မာနိုင်ငံဗဟိုဘဏ်၏ ခွင့်ပြုချက် ရရှိပြီဖြစ်ကြောင်း ထိုင်းဘဏ်ကထုတ်ပြန်သည်။ K-Kasikorn ဘဏ်၏ အမှုဆောင် ဒုတိယဥက္ကဋ္ဌ Pattarapong က A ဘဏ် (ရေဝတီလယ်သမားများ ဖွံ့ဖြိုး တိုးတက်ရေးဘဏ်) ၏ မတည်ငွေရင်းနှီးငွေကို ထပ်မံတိုးချဲ့သွားမည်ဖြစ်ပြီး ထိုအတွက် K ဘဏ် လက်အောက်ခံ ကုမ္ပဏီ Kvision ကုမ္ပဏီက ဆောင်ရွက်မည်ဟု မေ ၁၅ ရက် တွင် ထုတ်ပြန်သည်။

ထိုသို့ ရှယ်ယာဝယ်ယူခြင်းသည် အမျိုးမျိုးသောဘဏ္ဍာရေး ဝန်ဆောင်မှုများဆောင်ရွက်ရန်၊ မြန်မာ့စီးပွားရေး အားကောင်းစေရန်၊ ဘဏ်လုပ်ငန်းများဖွံ့ဖြိုးတိုး တက်လာစေရန်နှင့် ငွေပေးချေ သည့် စနစ်အားကောင်း လာစေ ရန်တို့ဖြစ်သည်ဟုဆိုသည်။ ထိုင်းဘဏ်၏ ထုတ်ပြန်ချက် အရ A ဘဏ်သည် ပိုင်ဆိုင်မှု ကျပ် ၃၁၄ ဘီလီယံရှိပြီး ဗဟိုဘဏ်ကို ကျပ်ဘီလီယံ ၄၀အပေါင်တင်ထားရသည်ဟုဆို သည်။ A ဘဏ်တွင် ဘဏ်ခွဲ ၁၈ ခုရှိပြီး အပ်ငွေ ကျပ် ၂၆၀ ဘီလီ ယံနှင့် ထုတ်ချေးငွေ ကျပ်ဘီလီယံ ၂၁၈ ရှိသည်ဟုဆိုသည်။

A ဘဏ်ကို ၂၀၁၄ တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ဗဟိုဘဏ်က A ဘဏ်မှ ရှယ်ယာ များဝယ်ယူခွင့်ကို မေ ၉ ရက် တွင် ခွင့်ပြုလိုက်ပြီး နိုင်ငံခြား ဘဏ်က ပြည်တွင်းဘဏ်များတွင် ရှယ်ယာဝယ်ယူခွင့်ကို ပထမဆုံး ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ အကျိုးတူ ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာကို ဗဟိုဘဏ်ထံ ဇန်နဝါရီ ၈ ရက်တွင် တင်ပြပြီးဖြစ်သည်ဟု A ဘဏ် အမှုဆောင်

အရာရှိချုပ် ဦးရဲမြတ်စိုးက ပြောထားသည်။ ထို့ပြင် Kasikorn Bank-K Bank သည် စိုက်ပျိုးရေးကဏ္ဍ၊ ကုန်သွယ်ရေး၊ လက်လီလုပ်ငန်း၊ ဒစ်ဂျစ်တယ်ငွေပေးချေမှုနှင့် နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုလုပ်ငန်းများကို A ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်မည်ဟုဆိုထားသည်။ ထိုင်း K ဘဏ်သည် ထိုင်းနိုင်ငံ၌ ၁၉၄၅ တွင် စတင်တည်ထောင်ခဲ့ပြီး လက်ရှိတွင် ဘဏ်ခွဲ ၉၀၀ ခန့် ဖွင့်လှစ်ထားသည်။

**Source:** https://7day.news/detail?id=184321

## ရေထွက်ပစ္စည်းဆိပ်ကမ်းများနှင့် အအေးခန်းစက်ရုံများ ဖွင့်ခွင့်ပြုရန် ငါးလုပ်ငန်းအဖွဲ့ချုပ်တောင်းဆို

ရေထွက်ပစ္စည်းဆိပ်ကမ်းများနှင့် အအေးခန်းစက်ရုံများ ပုံမှန်အတိုင်းဖွင့်ခွင့်ပြုရန် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် က ဧပြီ ၂၁ ရက်တွင် ထုတ်ပြန်သည်။ ဖမ်းဆီးရမိသည့် ငါး၊ ပုစွန်များကို ရန်ကုန်တိုင်းဒေသကြီးတွင် ပင်လယ်ကမ်းဝေးငါးဖမ်းစက်လှေများဆိုက်ကပ်၍ ငါးတင်၊ ငါးချဆောင်ရွက်နေသည့် ဆိပ်ကမ်း ၁၁ ခုက ပြည်တွင်းစားသုံးရန်နှင့် ပြည်ပတင်ပို့ ရောင်းချရန် လက်ကားစနစ်ဖြင့် ဖြန့်ဖြူးနေပြီး ငါးဖမ်းလှေဝင်ရောက်ခြင်း၊ ထွက်ခွာခြင်း လုပ်ငန်းများနှင့် အအေးခန်းစက်ရုံ များကို ဧပြီ ၁၂ ရက်မှ ၁၉ ရက်ထိ ခေတ္တရပ်နားခဲ့ကြောင်း ထုတ်ပြန်ချက်တွင်ပါရှိသည်။

ပင်လယ်ငါးဖမ်း စက်လှေများသည် ဖမ်းဆီးရရှိသည့် ငါး၊ ပုစွန်များကို ရောင်းချနိုင်ရန် ဧပြီ ၂၀ ရက်ကစ၍ ဆိပ်ကမ်းများသို့ ပြန်လည်ဝင်ရောက်ခြင်းအပါအဝင် ရန်ကုန်မြို့ရှိ အအေးခန်း စက်ရုံ ၇၃ ခုကိုလည်း လုပ်ငန်း များ ပြန်လည် ဆောင်ရွက် နိုင်ရန် စီမံနေကြောင်း ငါးလုပ်ငန်းအဖွဲ့ချုပ်ကဆိုသည်။ ရေထွက်ပစ္စည်းများသည် ပုပ်သိုးလွယ်သည့် ကုန်စည်ဖြစ်၍ အခြား လုပ်ငန်းများနှင့် သဘောသဘာဝမတူဘဲ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်၍ ပုံမှန်အတိုင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် ငါးလုပ်ငန်းအဖွဲ့ချုပ်က ရန်ကုန်တိုင်းအစိုးရထံတင်ပြခဲ့သည်။ "စက်ရုံ၊ အလုပ်ရုံတွေ ပိတ်ထားရမယ်ဆိုတဲ့ ထုတ်ပြန်ချက်ထဲမှာ အကျုံးဝင်နေတော့ ဒါကို တင်ပြရခြင်း ဖြစ်တယ်။ အဓိက ကတော့ ငါးဖမ်းရာသီကလည်း ပိတ်တော့မယ်။ ကုန်တွေစုထား တဲ့ အအေးခန်းတွေလည်းရှိတယ်။ ဒါကြောင့် မနစ်နာအောင်၊ ရိက္ခာလည်းဖူလုံအောင် တင်ပြတာ။ ပြီးတော့ အအေးခန်းစက်ရုံတွေဆိုတာ အီးယူကိုတင်ပို့နေရ တာဖြစ်တဲ့အတွက် ကျန်းမာရေးနဲ့ပတ်သက်လို့ နဂိုကတည်းက ကောင်းအောင် လုပ်ထားရတယ်။ ကုန်မရှိတဲ့ စက်ရုံတွေကတော့ ပိတ်ပေါ့။ ဒါမျိုးဖြစ်စေချင်တာ" ဟု ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါ်တိုးနန္ဒာတင် က ပြော သည်။

ဖမ်းဆီးရမိသည့် ငါး၊ ပုစွန် ပမာဏအရ ပြည်တွင်းဖြန့်ဖြူး ရောင်းချခြင်း၊ ပြည်ပတင်ပို့ရန် ပြုပြင်ခြင်းလုပ်ငန်းများကို လက်ကားငါးဈေးများ၊ ငါးဖမ်းစက်လှေ ဆိပ်ကမ်းများ၊ ပြုပြင်ထုတ်လုပ်ရေး အအေးခန်းစက်ရုံများဖြင့် ဟန်ချက်ညီ ဆောင်ရွက်နေပြီး ရန်ကုန်တိုင်းအတွင်းရှိ လက်ကား ငါးဈေး၊ အအေးခန်း စက်ရုံ၊ ငါးပိ၊ ငါးခြောက်နှင့် ငံပြာရည် ထုတ်လုပ်သည့် လုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ကွင်းဆက်အလိုက် လုပ် ကိုင်ဆောင်ရွက်နေသည်ဟု ငါး လုပ်ငန်းအဖွဲ့ချုပ်က ဆိုသည်။ အစိုးရကချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို အတိအကျလိုက်နာဆောင်ရွက်မည်ဖြစ်ပြီး စစ်ဆေးခံရမည့် လုပ်ငန်း များကို လုပ်ငန်းခွင်ဆောင်ရွက်မှုမပျက်စေဘဲ ဦးစားပေးအစီအစဉ်ဖြင့် စစ်ဆေးခံယူလိုကြောင်း ငါးလုပ်ငန်းအဖွဲ့ချုပ်က မေတ္တာရပ်ခံသည်။

**Source:** https://7day.news/detail?id=184323

## အမေရိကန်တွင် ရေနံဈေး အနုတ် ၃၇.၆၃ ဒေါ်လာအထိကျဆင်းသွား

သမိုင်းမှာပထမဆုံးအကြိမ်အဖြစ် အမေရိကန်ရေနံဈေးဟာ အနုတ်ပြသွားခဲ့ပြီလို့သိရပါတယ်။ လာမယ့်မေလမှာ ရေနံသိုလှောင်စရာနေရာမရှိတော့မှာစိုးတဲ့အတွက် လာဝယ်မယ့်သူကိုတောင် ငွေပြန်အမ်းပေးပြီး ဝယ်ခိုင်းရတော့မယ့် အခြေအနေဖြစ်ပါတယ်။ ကမ္ဘာ့မြို့ကြီးတွေမှာ Lockdown ချထားတဲ့အတွက် အိမ်ပြင်ထွက်သူနည်းပါးသွားပြီး ရေနံ ဝယ်လိုအားထိုးကျသွားခဲ့တာပါ။ ရေနံကုမ္ပဏီတွေဟာ ပိုလျှံတဲ့ရေနံတွေကို ရေနံတင်သင်္ဘောတွေ ငှားရမ်းပြီး သိုလှောင်လာရနိုင်တဲ့အတွက် ရေနံဈေးဟာ အနုတ်ပြသွားခဲ့တာဖြစ်ပါတယ်။

အမေရိကန်ရေနံဈေးစံအမှတ်ဖြစ်တဲ့ West Texas Intermediate (WTI) မှာ ရေနံတစ်စည်ကို အနုတ် ၃၇.၆၃ ဒေါ်လာအထိ ကျဆင်းသွားခဲ့ပါပြီ။ ရေနံရောင်းချသူတွေဟာ မှာယူထားတဲ့ရေနံတွေရောက်လာရင် သိုလှောင်စရိတ် ထပ်မံကုန်ကျမှာစိုးတာကြောင့် လက်ထဲမှာရှိနေတဲ့ရေနံတွေကို အမြန်ဆုံးရောင်းထုတ်ချင်နေကြပါတယ်။ တစ်ချိန်တည်းမှာပဲ ဥရောပနဲ့ကျန်တဲ့ကမ္ဘာ့နိုင်ငံတွေရဲ့ရေနံဈေးစံအမှတ်ဖြစ်တဲ့ Brent Crude မှာလည်း ရေနံတစ်စည်ကို ၂၆ ဒေါ်လာအောက် ကျဆင်းလာနေပြီဖြစ်ပါတယ်။ CFRA Research ရဲ့စွမ်းအင်တန်ဖိုးလေ့လာဆန်းစစ်သူတစ်ဦးဖြစ်တဲ့ Stewart Glickman က Lockdown တွေသာ ဆက်ရှိနေဦးမယ်ဆိုရင် လာမယ့်ဇွန်လအထိ ရေနံဈေးဆက်ကျနေနိုင်တယ်လို့ ဆိုခဲ့ပါတယ်။ ရေနံလုပ်ငန်းလောကဟာ ရေနံဝယ်လိုအားထိုးကျရုံတင်မကဘဲ ရေနံထုတ်လုပ်သူတွေက ထုတ်လုပ်မှုပမာဏကို မလျှော့တဲ့ ပြဿနာနဲ့ပါ ရင်ဆိုင်နေရတာပါ။

ယခုလအစောပိုင်းမှာ OPEC အဖွဲ့ဝင်နိုင်ငံတွေနဲ့မဟာမိတ်တွေဟာ ကမ္ဘာ့ရေနံထုတ်လုပ်မှုကို ၁၀ ရာခိုင်နှုန်းလျှော့ချဖို့ သဘောတူညီခဲ့ကြပါတယ်။ ဒါဟာ ရေနံထုတ်လုပ်မှုသမိုင်းကြောင်းမှာ အကြီးမားဆုံးလျှော့ချမှုတစ်ခုဖြစ်ပေမယ့် ကွာဟမှုကို ပြည့်မီနိုင်လောက်တဲ့လျှော့ချမှုမဟုတ်ဘူးလို့ လေ့လာဆန်းစစ်သူအများစုကိုရခဲ့ပါတယ်။ အမေရိကန်နဲ့တခြားနေရာတွေ မှာလည်း ရေနံထုတ်လုပ်မှုလုပ်ငန်းတွေဟာ ထုတ်လုပ်မှုကိုလျှော့ချဖို့ဆုံးဖြတ်ခဲ့ကြပေမယ့် ကမ္ဘာကြီးမှာ ရေနံတွေဟာ အသုံးပြုနေတာထက် ပိုလျှံနေဆဲဖြစ်ပါတယ်။ ရေနံသိုလှောင်တဲ့နေရာတွေဟာ မြေပြင်မှာရော၊ ပင်လယ်ပြင်မှာပါ ပြည့်တော့မှာဖြစ်လို့ရေနံဈေးက ထပ်ကျဖို့ရှိနေပါတယ်။

ကမ္ဘာကြီးဟာ ရေနံဘယ်လောက်အသုံးပြုနိုင်မလဲဆိုတာအပြင် Lockdown တွေဖြည်တဲ့အထိ ရေနံတွေကို သိုလှောင်ထားနိုင်မှာလားဆိုတဲ့ပြဿနာနဲ့ပါ ရင်ဆိုင်နေရတာဖြစ်ပါတယ်။ ရေနံဈေးပြန်ဦးမော့လာဖို့ဆိုတာ ကပ်ရောဂါ အခြေအနေကောင်းမွန်လာမှပေါ်မှာ မူတည်နေပါတယ်။ အမေရိကန်သမ္မတဒေါ်နယ်လ်ထရမ့်က အစိုးရအဖွဲ့အနေနဲ့ ရေနံတွေကိုဝယ်ယူပေးသွားမယ်လို့ပေမယ့် အမေရိကန်ရဲ့အဓိကရေနံသိုလှောင်ရေးနေရာဖြစ်တဲ့ Cushing မှာ မတ်လ အစပိုင်းကတည်းက ရေနံ ၅၀ ရာခိုင်နှုန်းနီးပါးပြည့်နေပြီဖြစ်လို့ ရေနံသိုလှောင်ဖို့နေရာအတွက် စိုးရိမ်ပူပန်မှုတွေ မြင့်တက်နေဆဲပဲလို့သိရ ပါတယ်။

**Source:BBC**

https://www.facebook.com/pyimyanmarnews/

## ယာဉ်မောင်းလဲလှယ် ဂင်ရောက်ရသည့်စနစ်ကြောင့် တရုတ်နိုင်ငံသို့ တစ်ရက်လျှင် ဖရဲသွားကားစီးရေ ၃၀၀ ကျော်သာဂင်ရောက်နိုင်ဟုဆို

မြန်မာနိုင်ငံ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံဘက်သို့ ယာဉ်မောင်းလဲလှယ်ဂင်ရောက်ရသည့် စနစ်ကြောင့်လမ်းပိုင်းနှင့်ယာဉ်စစ်ကွင်းတွင် ဖရဲသွားကားစီးရေ ၁၂၀၀ ခန့်ရှိနေပြီး တရုတ်နိုင်ငံသို့ တစ်ရက်လျှင် ဖရဲသွား ကားစီးရေ ၃၀၀ ကျော်သာဂင်ရောက်နိုင်ကြောင်းမူဆယ်အခြေစိုက် ခွာညိုသစ်သီးပွဲရုံမှသိရသည်။"လတ်တလောကုန်သွယ်မှု အခြေအနေကိုပြောရရင်တော့ ကျန်းမာရေးအခြေအနေနဲ့ယှဉ်ပြောရတော့မှာပါ။ ဒီဝင်၊ထွက်နိုင်မှု အခြေအနေအတိုင်းဆက် လက်ရှိနေရင်ဘဲအလွန်ကံကောင်းလှပြီ။ ကိုယ့်ဖက်ကရောဂါအခြေအနေ သူ့ဖက်ကနာလံထစ ရောဂါစိန်ခေါ်မှု၊ ကမ္ဘာလုံးဆိုင်ရာရောဂါပြန့်ပွား မှုကပ်ဘေးတွေကိုခြုံငုံသုံးသပ်ရင်တော့ တရုတ်ဖက်က စိုးရိမ်မှုကသိပ်ပြီးမလွန်လွန်းပါဘူး။ သူ့ဖက်ကကုန်သွယ်မှုကိုမပိတ်သာပေမဲ့ ကျန်းမာရေးဆိုင်ရာ လုံခြုံမှုအကာအကွယ်တင်းကြပ်လာတာမျိုးကိုတော့ ကြိုတင် ပြင်ဆင်ရမှာပါ။ကားသမား တောင်သူတွေအနေနဲ့ အချိန်နဲ့အမျှပြောင်းလဲကြုံတွေ့နိုင်တဲ့ အခက်အခဲကိုကြိုတင်မျှော်မှန်းထား သင့်ပါတယ်။"ဟုခွာညိုသစ်သီးပွဲရုံမှတာဝန်ရှိသူတစ်ဦးကပြောသည်။

**Source:** https://www.facebook.com/pyimyanmarnews/

## COVID-19 ဂယက်ကြောင့် နှစ်လနီးပါးရပ်နားထားသည့် မြိတ်ဒေသထွက် ကင်းမွန်ပြုတ်ခြောက်လုပ်ငန်း ပြန်စပြီ

ကိုရိုနာဗိုင်းရပ်စ် (COVID-19) ရောဂါကြောင့် တရုတ်နိုင်ငံနယ်စပ်ဂိတ်တွေပိတ်ထား၍ တင်ပို့မှုနှစ်လနီးပါး ရပ်နားထားရသည့် မြိတ်ဒေသထွက် ကင်းမွန်ပြုတ်ခြောက်လုပ်ငန်းမှာ ယခုရက်ပိုင်းအတွင်း ပြန်လည်လုပ်ကိုင်နေပြီဖြစ်သည်။ မြိတ်ဒေသထွက် ကင်းမွန်ဈေးကွက်သည် အဓိကအားဖြင့် တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံရှိ ဈေးကွက်တွေကို မှီခိုတင်ပို့ရောင်းချခဲ့ကြပေမဲ့ (COVID-19) ဂယက်ကြောင့် နှစ်နိုင်ငံနယ်စပ်ဂိတ်များ၏ကုန်စည် စီးဆင်းမှုတွေကို ရပ်နားထားခဲ့ရသည်။ ယခုအချိန်တွင် တရုတ်နယ်စပ်မူဆယ်ကုန်စည်တင်ပို့မှုလမ်းကြောင်းပြန်ဖွင့်လိုက်တာကြောင့် တင်ပို့နေကြခြင်းဖြစ်သည်။ "ကင်းမွန်ပြုတ်ခြောက်လုပ်ငန်း နှစ်လနီးပါးလောက်နားလိုက်တော့ အလုပ်သမားတွေ စားဝတ်နေရေးအခက်အခဲဖြစ်သွားတယ်၊ အခုရုံတွေပြန်ဖွင့်လိုက်တော့ တချို့တဝက်ကတော့ အလုပ်တွေပြန်ရလို့ အဆင်ပြေကြပါတယ်"ဟု ကင်းမွန်ပြုတ်ခြောက် အလုပ်သမားတာဝန်ခံ ဦးသိန်းတန်ကပြောသည်။

လုပ်ငန်းများရပ်နားထားစဉ် ဒေသခံ ုပ်ငန်းရှင်များနှင့် ၎င်းလုပ်ငန်းကို မှီခိုလုပ်ကိုင်နေသူများမှာ အခက်အခဲတချို့ ဖြစ်ပွားခဲ့သည်။ လတ်တလောတွင်တရုတ်နယ်စပ်ဂိတ် ပြန်လည် ဖွင့်လှစ်နေခြင်းကြောင့် အလုပ်ရုံများလုပ်ငန်းပြန်လည်စတင်နေပြီး အခြေခံအလုပ်သမားများမှာ အလုပ်အကိုင်များရရှိနေကြပြီဟုသိရသည်။ ကင်းမွန်ပြုတ်ခြောက်လုပ်ငန်းများကို တရုတ်နိုင်ငံသားများမှ အလုပ်ရုံများဖွင့်လှစ်ကာ ကိုယ်တိုင်တိုက်ရိုက်ထုတ်လုပ်တင်ပို့မှုများ ပြုလုပ်ကြခြင်းဖြစ်သည်။ ယခုအချိန်တွင် ကင်းမွန်ပြုတ်ခြောက်လုပ်ကိုင်သောအလုပ်ရုံများ ပြန်လည်ဖွင့်လှစ်သောကြောင့် ကင်းမွန်အစိုတင်သွင်းသောလုပ်ငန်းရှင်များနှင့် အလုပ်သမားများအလုပ်အကိုင်ပြန်လည်ရရှိလာကာလုပ်ငန်းများပြန်လည်ပတ်လာကြသည်။ မြိတ်ဒေသခံ ကင်းမွန်အရောင်းအဝယ်လုပ်ငန်းရှင် ဒေါ်တင်လေးက"ဒီလုပ်ငန်းက ပြီးခဲ့တဲ့လပိုင်းတွေမှာ ဗိုင်းရပ်စ်ပြဿနာကြောင့် နယ်စပ်ဂိတ်နှစ်ခုက အဝယ်ရပ်နားထားလိုက်တော့အခြေခံအလုပ်သမားတွေရော လုပ်ငန်းရှင်တွေပါ ထိခိုက်မှုကြီးကြီးမားမားကို ဖြစ်ပွားခဲ့တာ"ဟု မစ္စမိုမသို့ပြောသည်။

လုပ်ငန်းများပြန်လည်ပတ်နိုင်ပေမယ့် ကင်းမွန်ဈေးနှုန်းတွေကတော့ထက်ဝက်ခန့်ကျဆင်းနေကြောင်းလည်း လုပ်ငန်းရှင်များကပြောသည်။တရုတ်နိုင်ငံသားကုန်သည်များသည် မြိတ်ဒေသထွက်ကင်းမွန်များအားဒေသခံ လုပ်ငန်းရှင်များထံမှ တိုက်ရိုက်ဝယ်ယူကြပြီးပြုတ်ခြောက်များလုပ်ကာ တရုတ်နိုင်ငံသို့ပြန်လည်တင်ပို့ကြခြင်းဖြစ်သည်။လက်ရှိအချိန်တွင် ကုန်စည်စီးဆင်းမှုအနည်းငယ်သာရှိခြင်းကြောင့် ကင်းမွန်ပြုတ်ခြောက်ဈေးနှုန်းနှင့် ကင်းမွန်အစိမ်းဈေးနှုန်းများမှာထက်ဝက်ခန့် ကျဆင်းနေကြောင်းသိရသည်။ ကီလို ၂၀ ပါကင်းမွန်အစိမ်း တစ်ဗန်းကို ယခင်ကဒေသခံတွေဆီမှာ တရုတ်ကုန်သည်တွေက ကိုးသောင်းမှ တစ်သိန်းအထိ ဈေးပေးဝယ်ယူနေရာမှ လက်ရှိမှာ တစ်ဗန်းကို လေးသောင်းမှ ငါးသောင်းကြားသာ ရရှိနေကြောင်း သိရသည်။ အဆိုပါ ကင်းမွန်ပြုတ်ခြောက်လုပ်ငန်းသည် မြိတ်မြို့နယ်မြိတ်တောင်ကျေးရွာအုပ်စု အင်းလေးမြိုင်စက်မှုဇုံ အတွင်း အလုပ်ရုံ ၂၀ ကျော်ရှိပြီး၊ ၎င်း လုပ်ငန်းတွင်ဒေသခံ အလုပ်သမား တစ်ထောင်နီးပါး အလုပ်အကိုင် အခွင့်အလမ်းများရရှိနေကြောင်းသိရသည်။

**Source:** http://www.mizzimaburmese.com/article/69177

## သင်္ကြန်အပြီး မိုးကြိုကာလရာသီတွင် ကွမ်းရွက်ဈေးနှုန်းများ မြင့်တက်လာ



မန္တလေးမြို့ရှိ ကွမ်းဈေးကွက်တွင် သင်္ကြန်အပြီး မိုးကြိုကာလရာသီ၌ မိုးခေါင်မှုကြောင့် အထွက်နှုန်းနည်းပါးကာ ကွမ်းရွက်ဈေးနှုန်းများ တရိပ်ရိပ်မြင့်တက်လာကြောင်း ကွမ်းဖြန့်ချိရေးဆိုင်များမှသိရသည်။ ကွမ်းဈေးကွက်တွင် သင်္ကြန် မတိုင်မီကာလများ၌ ကွမ်းရွက် တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ မှ ၄၀၀၀ အတွင်း၌သာ ပုံမှန်ရှိခဲ့ရာမှ ဧပြီလဆန်းမှစ၍ ကွမ်းရွက် ဈေးနှုန်း များ တရိပ်ရိပ်မြင့် တက်လာကာ ဧပြီ ၂၀ ရက်တွင် အရည်အသွေး အကောင်းဆုံးဖြစ်သည့် ရေဦးမြို့နယ်မှ ထွက်ရှိသည့် ကွမ်းရွက် တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ နှုန်းအထိ မြင့်တက်လျက်ရှိကြောင်း မန္တလေးမြို့ ရန်ကင်းကွမ်းရွက်ဖြန့်ချိရေးအရောင်းဆိုင်မှ ကိုကျော်သင်းကပြောသည်။ "ဒီ ဧပြီလထဲမှာတော့ ကွမ်းရွက်ဈေးက မငြိမ်ဘူး။ တစ်ရက်တစ်ဈေးနဲ့ အတက်ဘက်ကိုဦးတည်နေတယ်။ သင်္ကြန်မတိုင်ခင်ကာလနဲ့နှိုင်းယှဉ်ရင် တစ်ပိဿာကို ငွေကျပ်

၁၀၀၀ နဲ့ ၁၅၀၀ လောက် ဈေးတက်သွားတယ်။ ကွမ်းစိုက်တောင်သူတွေက အခုလိုမိုးကြိုကာလမှာ မိုးကိုမျှော်ကိုးပြီး ကွမ်းပင်ကို သက်တမ်းတိုးတဲ့အနေနဲ့ အရွက်ကိုမခူးဘဲ အပင်သက်တမ်းရှည်အောင် ပြုစုတဲ့ကာလဖြစ်တဲ့အတွက် ကွမ်းရွက်အထွက်နည်းတယ်။ ဒါကြောင့် အထွက်နည်းတော့ ဈေးလည်းမြင့်တက်လာတယ်ပေါ့။ ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ကွမ်းဈေးနှုန်းကို မထိခိုက်ပေမယ့် ကွမ်းခြံရှိတဲ့ ရွာတွေ ထဲကို အဝင်အထွက်ခက်ခဲတဲ့အတွက် ပစ္စည်းတင်ပို့မှု လျော့ကျသွားတာကြောင့် ရောင်းအားလည်း ပုံမှန်ထက်တော့ ထက်ဝက်လောက်ကျဆင်းသွားပါတယ်” ဟု ၎င်းကပြောသည်။ မန္တလေးမြို့ရှိ ကွမ်းဖြန့်ချိရေးဆိုင်ကြီးများမှာ မတ္တရာ၊ ကျောက်ဆည်၊ ရေဦး၊ တန့်ဆည်၊ ရွှေဘိုစသည့်မြို့နယ်များမှ စိုက်ပျိုးထွက်ရှိသည့် ကွမ်းများအား အထက်မြန်မာနိုင်ငံ မြို့ကြီးများသို့တစ်ဆင့် ဖြန့်ချိရောင်းချပေးလျက်ရှိပြီး ရေဦးနှင့် တန့်ဆည်မြို့နယ်များမှထွက်ရှိသည့် ကွမ်းရွက်များမှာ ဈေးကွက်တွင် အကောင်းဆုံးဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## STOCK EXCHANGE (22.4.2020)

Home > Market Data > Stock trading data

### Stock trading data

As of 22nd Apr. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +500 | +5.00% | 10,500 | 10,500 | 10,500 | 29 | 304,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,650 | +0 | +0.00% | 3,600 | 3,650 | 3,600 | 4,164 | 15,097,600 | 38,929,150 | 142,091 |
| MCB | 00003 | 8,300 | +100 | +1.22% | 8,300 | 8,300 | 8,300 | 1 | 8,300 | 10,400,986 | 86,328 |
| FPB | 00004 | 21,500 | +0 | +0.00% | 21,000 | 21,500 | 21,000 | 11 | 231,500 | 2,472,053 | 53,149 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 7 | 19,600 | 12,823,224 | 35,905 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 439.75 | +10.66 | +2.48% | 427.67 | 439.75 | 427.67 | 4,212 | 15,661,500 | 5 | 602,157 |

**Index chart**




Activate W

## Market Overview

As of 11:30 am, 22nd Apr. 2020

| MYANPIX | 437.43 ▲ 8.34 |
|---|---|
| Total Volume (shares) | 4,188 |
| Total Value (MMK) | 15 mil |
| Listed Company | 5 |
| Market Cap. (MMK) | 598,975 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 500 |
| MTSH | 00002 | 3,600 | ▼ 50 |
| MCB | 00003 | 8,300 | ▲ 100 |
| FPB | 00004 | 21,000 | ▼ 500 |
| TMH | 00005 | 2,800 | ▲ 0 |

TIR